# တောင်ကိုရီးယားကုမ္ပဏီများ မြန်မာ e-government လုပ်ငန်း တပ်ဆင်ပေးမည်

Korea Herald / Xinhua
၁ ဇွန် ၂၀၀၅ / ၁၇း၅၅

မြန်မာစစ်အစိုးရက ကွန်ပျူတာနည်းပညာအသုံးပြုမည့် e-government လုပ်ငန်း အကောင်အထည်ဖော်ရန် တောင်ကိုရီးယားကုမ္ပဏီများကို ကန်ထရိုက်ပေးအပ်လိုက်သည်။

အမေရိကန်ဒေါ်လာ (၁၂) သန်းတန်ဖိုးရှိ ကန်ထရိုက်စာချုပ်ကို မြန်မာ့ဆက်သွယ်ရေး စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ တောင်ကိုရီးယား ဒေဝူးအင်တာနေရှင်နယ် ကော်ပိုရေးရှင်းနှင့် KCOMS Ltd. တို့ မေလ (၂၁) ရက်က ရန်ကုန်တွင် လက်မှတ်ရေးထိုးခဲ့သည်။

လက်မှတ်ရေးထိုးရာတွင် မြန်မာစစ်အစိုးရ၏ ဝန်ကြီးဌာန (၃၈) ခုကို မြန်နှုန်းမြင့် အင်တာနက်ကွန်ရက်ချိတ်ဆက်ခြင်း အပါအဝင် ဆက်သွယ်ရေးနည်းပညာ အခြေခံအဆောက်အဦ တပ်ဆင်ခြင်းနှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှုနည်းစနစ်ပံ့ပိုးခြင်း စသည်တို့ပါရှိသည်။

မြန်မာအစိုးရသည် e-government ရွှေပြေးစီမံကိန်းများကို ၂၀၀၂ ခုနှစ်ကတည်းက စတင်ခဲ့ပြီး အများပြည်သူအတွက် သတင်းအချက်အလက်များပေးရန်နှင့် ဝန်ကြီးဌာနချင်း သတင်းဖလှယ်ရန်အတွက် ဝန်ကြီးဌာနအများစုတွင် ဝက်ဘ်ဆိုက်များ တင်ထားပြီးဖြစ်သည်။

အာဆီယံနိုင်ငံများအတွင်း သတင်းနှင့်နည်းပညာကွာဟမှု လျော့နည်းစေရန် ရည်ရွယ်၍ စင်ကာပူနိုင်ငံတွင် ၂၀၀၀ ပြည့်နှစ်က လက်မှတ်ရေးထိုးခဲ့သည့် e-ASEAN သဘောတူညီချက်အရ ယင်း e-government စီမံကိန်းကို စစ်အစိုးရက အကောင်အထည်ဖော်ခြင်းဖြစ်သည်။

ဒေဝူး အင်တာနေရှင်နယ်ဥက္ကဋ္ဌ လီတေယန်းက "မြန်မာနိုင်ငံရဲ့ e-government လုပ်ငန်းမှာ ပထမအဆင့်ကို ရယူနိုင်ခဲ့ပြီမို့ နောက်ဆက်တွဲ ကန်ထရိုက်တွေနဲ့ အခြား အရှေ့တောင်အာရှ ဈေးကွက်တွေမှာလည်း အပြုသဘောဆောင်တဲ့ အကျိုးသက်ရောက်မှု ရရှိမှာပါ" ဟုပြောသည်။

ယင်းကုမ္ပဏီသည် Korea Gas ကော်ပိုရေးရှင်း၊ အိန္ဒိယကုမ္ပဏီ (၂) ခုတို့နှင့် ပူးပေါင်းကာ မြန်မာ့ကမ်းလွန် သဘာဝဓာတ်ငွေ့ရှာဖွေရေး စီမံကိန်းများ ဆောင်ရွက်လျက်ရှိသည်။

တောင်ကိုရီးယားနိုင်ငံသည် မြန်မာနိုင်ငံ၏ ထိပ်တန်းကုန်သွယ်ဘက် (၁၀) နိုင်ငံစာရင်းတွင် ပါဝင်ပြီး မြန်မာနိုင်ငံ၌ တောင်ကိုရီးယားကုမ္ပဏီ (၁၀၀) ကျော်က စီမံကိန်း (၃၄) ခုတွင် ရင်းနှီးမြှုပ်နှံထားသည်။

၂၀၀၃–၂၀၀၄ တွင် မြန်မာနိုင်ငံသို့ တောင်ကိုရီးယားမှ အမေရိကန်ဒေါ်လာ သန်း (၂၀၀) ဖိုး ကုန်ပစ္စည်းများ တင်သွင်းခဲ့ပြီး တောင်ကိုရီးယားသို့ မြန်မာနိုင်ငံမှ ဒေါ်လာ သန်း (၅၀) ဖိုး တင်ပို့ခဲ့ကြောင်း စစ်အစိုးရ ကိန်းဂဏန်းများအရ သိရသည်။ ■